
(လငန်းကျေးရွာ၊ မြိတ်ကျွန်းစု)
တက်ဖျာလ်၊ တက်ဖျာလ်၊ တက်ဖျာလ်။
မိုက်တေ။ ပျော်ကောင်းထမန်း။ စကေ ထပ်မြှင့်ဦး။
ကန်တော့ပါယင့်။ သမီးချေ မမြင်လိုက် လို့ပါ။
ရပါရေ ဘုချေ။
အာဝေ ဒေဆွဲကြိုးချေက သမီးလွှတ်နီရေ စွန်ပုံစံနဲ့ တူပါရေ။ လှလိုက်တေနန်း။
ဒေချင့်ချေလား။ ဟုတ်တေ။သမီး စွန်ချေနဲ့ ပုံစံတူရေနန်း။
ဒေချင့်က မန်တာရေး (manta ray) ပုံချေလေ။ အရီးအကြိုက်ဆုံး အကောင်ချေ။


ယင်းချင့် ငါးလိပ်ကျောက် (stingray) ကိုပြောစွာပါလားအရီး။ ရွာစျေးထဲမှာတော့ကေ ယင်းပိုင်ကောင်တိ ရက်ပြတ်တွီပါရေ။
သမီးချေလည်း ရွာထဲမှာဆို ငါးလိပ်ကျောက် အကြီးသန်တိ အများကြီးတွီဖူးပါရေ။
စိတ်ဝင်စားဖို့ကောင်းရေနန်း။ မန်တာရေး(manta ray)ကတော့ကေ အကောင်ကောင်းကြီးရေ အမျိုး။ သမီးရို့မြင်ရေခါ သိလိမ့်မေ။
သမီးရို့မြင်ဖူးရေ ငါးလိပ်ကျောက်(stingrays) တိထက် သူက အများကြီးကြီးရေ။ ငါးဘဲလိပ် (mobula rays) အမျိုးစားထဲမှာဆိုကေတောင် မန်တာရေး (oceanic manta ray) က အကောင်အကြီးဆုံး။
ဩော် သိပါဗျာလ်၊ သိပါဗျာလ် သမီးချေ အရီးက ပြောဖူးပါရေ။ ယင်းပိုင်ကောင်တိကို "အူကြီး" ဆိုလား "ငါးလိပ်စွန်" ဆိုလား ခေါ်ပါရေ။
ဟုတ်တေ သမီး။ တနင်္သာရီဘက်က လူတိက မန်တာရေး (oceanic manta ray, *Mobula birostris*) အကောင်ကြီးတိကို "ငါးလိပ်စွန်" လို့ပါ "အူကြီး" လို့ပါ ခေါ်ကတ်တေ။ ယင်းသူရို့တောင်ပံတိက ပင်လယ်ထဲမှာ ပျံနီကတ်တေ စွန်ကြီးတိပိုင်ဗျာလ်။


သူရှိန္နဲ့ အလားတူ မျိုးစိတ်ထဲက ပိုငယ်ရေ အကောင်တိကိုတော့ "ငါးဘဲလိပ်" (mobula rays) လို့ခေါ်ကတ်တေ။
MOBULA TARAPACANA
MOBULA MOBULAR
MOBULA KUHLII
MOBULA THURSTONI


အရီးရိုဂ္ဂက ဒေကျွန်းကို မန်တာရေး (oceanic manta ray) အကြောင်း လေ့လာဖို့ လာကတ်စွာလေ။
အေးမ ရိုဂ္ဂက ဒေမန်တာရေး (oceanic manta ray) အကြောင်း လေ့လာနီကတ်စွာကြာယာ။ သူရှိန္နအကြောင်းကို ဆက်လေ့လာချင်လို့လေ။
တွီရစွာဝမ်းသာပါရေ။ သမီးရိုဂ္ဂက သဇင်နဲ့ နီနီပါ။ သမီးလည်း ဒေကျွန်းကို မိသားစုနဲ့ အလည်လာစွာပါ။ နီနီကတော့ကေ ဒေ ဆလုံရွာမှာ သူ့မိသားစုနဲ့တတူနိန်ပါရေ။
ဒေဘက်က ဒေါက်တာ အန်ဒရီယာ(Dr. Andrea)ပါ။ အစ်မကတော့ အန်နာ(Anna)ပါ။ မသန္တာက ဒေမှာ အစ်မရိုဂ္ဂကို သုတေသနလုပ်ဖို့ ကူညီပီးနီစွာလေ။


သမီးတောင် ငါးမန်းဖားလောင်း (whale shark) တိကိုလေ့လာနီရေ မမရိုပ္ပိုင် သုတေသနပညာရှင်တိနဲ့ တွီခသိမ့်ပါရေ။ သူရိုဂ္ဂက သမီးကို သေချာ ပြောပြပီးခကတ်ပါရေ။
သူရိုဒ္ဒဆိုကေ ငါးမန်းဖားလောင်းတိကို တစ်ကောင်စီ ခွဲသိနိုင်ဖို့ ဓာတ်ပုံရိုက်ပြီးကေ မှတ်တမ်းတင်ထားကတ်ရရေလို့ပြောပါရေ။


အရီးရို့ကလေ့ မန်တာရေး(manta ray) တိကို တစ်ကောင်ချင်းစီ ခွဲသိဖို့ ပုံရိုက်ယူကတ်ရရေ။ ယေကေလေ့ မန်တာရေး (manta ray) ကိုကျကေ ယင်းသူရို့ဝမ်းဗိုက်မှာရှိရေ အမှတ်အသားတိကိုရဖို့အတွက် ပုံကိုရိုက်ရရေ။
ယင်းအမှတ်အသားတိက သူရို့တစ်ကောင်ချင်းစီကို ခွဲခြားမှတ်တမ်းယူနိုင်ဖို့ အထောက်အကူဖြစ်တေလေ။


သူရို့ဝမ်းကို ကြည့်ပနာ ခွဲစွာ ဟုတ်ပါလား။
သူရို့ဝမ်းတိကတော့ကေ ငါရို့နှို့ ဇာတူဖို့လဲ သဇင်။


ဟားဟား ဟုတ်တေ။ သူရို့ဝမ်းက အမှတ်အသားချေတိက တစ်ကောင်နှို့တစ်ကောင် လုံးဝမတူဘဲ ကွဲရေ။
အရီးရို့လူတိမှာဆိုကေ လက်ဗွေရာနှို့ ခွဲစွာပိုင်ယေ။ မသိကေ တစ်ယောက်ယောက်က သူရို့ဝမ်းထက်မှာ ပဂျီ (ပန်းချီ)ချေတိ လာဆွဲပီးထားရေလို့တောင် ထင်ရရေ။



နီနီ။ သဇင်။  အရင်လာကတ်ဝေး။
ငါးဖမ်းလောင်းတစ်စီးက ငါးလိပ်ကျောက်အကြီး သန်တစ်ကောင်ကို မတော်တဆဖမ်းမိထား လို့လတ်။ ငါတွီဖူးရေအကောင်ထဲမှာ အကြီးဆုံးဗျာလ်ဝေး။


ယင်းချင့် မန်တာရေး (manta ray) ဖြစ်လောက်တေနန်း။ လားကြည့်ကတ်မေ။
လိုက်ပါဖို့။ အကောင်ကြီး သန်တော့ တစ်ခါလေ့ မတွီဖူးပါသိမ့်။
ဟုတ်တေ သမီးလည်းလိုက်ပါဖို့။


အား အခင်။
ဒေမှာ  သုတေသနပညာရှင်တိပါ ခေါ်ခပါရေ။ သူရို့လည်း ဒေကောင်ကြီး ကို မြင်ဖူးချင်လို့ပါလတ်။
အကျွန်ရို့ဇာကူညီပီးရပါဖို့လဲ။


ကျွန်တော်က ဟိုနားချေမှာ ငါးဖမ်းနီစွာပါ။ ပိုက်ကွန်ကို ပြန်ဆွဲတင်စွာနဲ့ ဒေအူကြီးက ရောမနာ ပါလာစွာပါယေ။
ကျွန်တော်လည်း ဇာလုပ်ရမှန်းမသိပါ။ ကျွန်တော် မိထားရေ ငါးတိလည်း မဆုံးချင်။ ဒေအူကြီးကိုလည်း ဇာပိုင်ပြန်လွှတ်ရဖို့လဲ စိုင်းစားနီစွာပါ။
မသီသိမ့်ထင်ပါရေ။အကျွန်ရို့ ဆင်းကူပီးရပါဖို့လား။
ဟုတ် ရပါရေ။ ကူပီးပါ။


ငါးဖမ်းရေအခါ မလိုချင်ကေ့လည်း ငါးဖမ်းပိုက်ထဲရောပြီးမိလာရေ အကောင်တိ အမျိုးစုံရေ။ ရက်ပြတ်ပါလာတတ်တေ။ ဒေပိုင်အခြေ အနေမျိုးကို (by-catch) မတော်တဆဖမ်းမိရေလို့ ခေါ်ရေ။
လင်းပိုင်ရို့ ပင်လယ်လိပ်ရို့ ငါးမန်း ဖားလောင်းရို့လည်း ယင်းပိုင်ပိုက်နဲ့ ပါလာစွာမျိုးဖြတ်တတ်တေ။
ရောဝတီလင်းပိုင်တိကိုလေ့ ဒေပိုင်ဖြစ် စွာမျိုး (by-catch)သမီး ကြားဖူးပါရေ။


ဟဲ့ ကြည့်ဦး လွတ်လားခယာ။ လာ ရီထဲလိုက်ဆင်းကတ်မေ။



အိုး ကြီးလိုက်တေ မန်တာရေးကြီး
(manta ray)။ ကောင်းလေ့လှရေကာ။
ကျေးဇူးပါနန်း။



ပါးစပ်ကလည်း ကြီးလိုက်တေနန်း။
သမီးရို့ကို မကိုက်စားပါကေ့နန်း။



အရီးက  အကောင်မျှောချေတိနဲ့ ပုစွန်ဆိတ်ချေတိကို စစ်ထုတ်ပြီး
စားတတ်တေ အမျိုးပါ။ သမီးချေရို့ကိုမကိုက်ပါဝေ။


ယင်းခါက အရီးဝမ်းဆာနီစွာနဲ့ အစာနောက်
ကိုလိုက်စွာမှာ ပိုက်ကွန်ကိုမမြင်ဘဲ
တိုးမိပြီးကေ ပါလားခစွာယေ။
ဩော် ယင်းအတွက်နဲ့
အရီးဝမ်းက ဖောင်းနီစွာကိုး။
ဟဲ့ မဟုတ်ပါကာ သဇင်။ သူ့မှာ ဝမ်းကြီးနီလားမသိယာ။
ဟုတ်တေ အဂု အရီးဝမ်းထဲမှာ
အချေရှိနီစွာ။
ဟုတ်ပါလာ။
ဇာခါမွီးပါဖို့လဲ။
နီးလောက်ဗျာလ်။ အဂုဆိုကေ ကို
ယ်ဝန်ဆောင်ထားစွာ
၁၂ လလောက်ရှိနီဗျာလ်။
၉ လ
၁၂ လ - ၁၃ လ


ဟုတ်ပါလား။ ကောင်းကြာပါနန်း။
လူအမိတီတောင် ယင်းလောက်
မကြာထင်ပါရေ။
ဟုတ်တေ အရီးရှိမှာ အချေ
တစ်ကောင်မွီးဖို့ အချိန်
အကြာကြီး ယူရရေ။
အရီးရှိ့သားအမိနှစ်ယောက်
ကံကောင်းလားရေ။ သမီးရှိ့
သူငယ်ချင်းတိက ပိုက်ကနီလွှတ်ပီး
လိုက်လို့။ ကျေးဇူးနန်း။
ပိုက်ကနီ ဖြုတ်ပီးလို့
ကျေးဇူးတင်ပါရေ။
ပင်လယ်ကြီးကို တပျင်း
တွီချင်နီပါယာ။


ဖီးကင်းအောင် ကူညီပီးလိုက်နိုင်လို့ ဝမ်းသာပါရေ။
ဟုတ်ပါဗျာလ်။ ယေကေ အချေကိုမွီးဖို့
နီရာရှာဖို့ ခရီးဆက်လားလိုက်ပါမေ။
ဇာကိုလားဖို့စွာပါလဲ။
ငါးဖမ်းလောင်းတိနဲ့ ပီးရေ ထိန်းသိမ်းကာ
ကွယ်ပီးထားရေ နီရာတစ်ခုကိုပါ။
နောက်တစ်ခါထပ်တွီကေ နှုတ်ဆက်ကတ်ပါနန်း။ အကျွန့်နာမည်က မူးမီပါ။
တာ့တာ ဂရုစိုက်ကတ်ပါနန်း။




MYANMAR ocean PROJECT
HEINRICH BÖLL STIFTUNG
YANGON
Myanmar